# မောင်မောင်မြင့်သိန်း

(စက်မှုတက္ကသိုလ်)

# ပေပေ့ကုလားထိုင် ပေပေ့လက်များနှင့် ပျော်ရွှင်သောမိသားစု



"အိမ်ထောင်ရေးဆိုတာ လင်နဲ့ မယား လှေတစ်စင်းနဲ့ နှစ်ယောက်အတူတူ ပင်လယ်ထဲ ခရီး သွားနဲ့ အတူတူပါပဲ။ တစ်ချိန်မှာ သာယာတဲ့ ခရီးကို ဖြတ်သန်းနိုင်သလို၊ ရံဖန်ရံခါမှာ မမျှော်လင့်တဲ့ မုန်တိုင်းတွေ ကြုံရနိုင်တယ်။ လှိုင်းငြိမ်တဲ့ ဘက်နဲ့ ရာသီဥတု သာယာကြည်လင်တဲ့ ဘက်ကို လှေဦး လှည့်နိုင်အောင် ပဲ့ကိုင်နိုင်စွမ်းရှိဖို့ ပဲ လိုလိမ့်မယ်။ ဒါမှ သာလုံခြုံအေးချမ်းတဲ့ အချိန်နာရီတွေဟာ ကမ်းတစ်ဖက်ကနေ ဆီးကြိုနေတာလို့ ဆိုလာရလိမ့်မယ်"

**(စာ-၁၂၈ မရဏာမုန်တိုင်းနှင့် ဘဝလှေငယ်ရှင်မှ )**

## စာရေးသူ အမှာ စကား

ကျွန်တော်သည် သုတစာပေမျိုးစုံကို ဘာသာပြန်ရသောအခါ ကြာတော့ ငြီးငွေ့လာမိသည် ။ သည် အခါ ရသစာပေများကို ကျွန်တော် ဖတ်ဖြစ်သည် ။ အထူးသဖြင့် မိသားစုဘဝနှင့် ချစ်ခြင်း မေတ္တာဖွဲ့ ဇာတ်လမ်းတိုများကို မအားလပ်သည့်အခါမျိုးတွင် စိတ်ခွန်အားဖြည့် ရသစာအဖြစ် ဖတ်ရှု ခံစားမိသည် ။ သည် အခါ ရသပေးသော ခံစားမှုကို ပိုမိုသိရှိ လာပြီး မိမိကဲ့သို့ စာဖတ်ပရိသတ်များကို မျှဝေခံစားစေလိုသော စေတနာ ရင်ထဲပေါ်လာခဲ့သည် ။ သည် လိုနှင့် မိသားစုမေတ္တာဖွဲ့

ရသစာစုများ ကို ကျွန်တော်ခံစား ဘာသာပြန်မိလေတော့သည် ။ ယင်း ဘာသာပြန်စာစုများကို ကျွန်တော့်၏ စာဖတ်ပရိသတ်များက မဂ္ဂဇင်းများ တွင် ဖတ်ရှုမိသောအခါ နှစ်သက်ကြောင်း တုံ့ပြန်ရုံမက ယင်းတို့ ကို စုပေါင်း၍ အမှတ်တရ စာအုပ်တစ်အုပ်ထုတ်ရန် အကြံပေးကြသည် ။ သည် ကတည်းက ယင်း မိသားစုမေတ္တာဖွဲ့ ရသစာစုများကို ကျွန်တော်စုပေါင်း၍ စာအုပ်ပုံစံ စီစဉ်ထားသည် ။ ယခုတော့ ကျွန်တော့်ဆန္ဒ ပြည့်လေပြီ။ ‘ပန်းဆက်လမ်း’စာအုပ်တိုက်မှ စာအုပ်အဖြစ် ထုတ်ဝေလိုသည် ဟု ဆွေးနွေးဖြစ်သောအခါ ကျွန်တော့်ပီတိသည် ဘာနှင့်မျှ နှိုင်းမပြတတ်။ ထုတ်ဝေသူကို ကျေးဇူးလည်း တင်မိသည် ။ ကျွန်တော့် ဆန္ဒကို ဖြည့်ဆည်းပေးသောကြောင့် ဖြစ်သည် ။

သည် စာစုများကို နိုင်ငံတကာ ရသစာစုများ ဖြစ်သော်လည်း လူသားများ ပီပီ ကျွန်တော်တို့ ဖတ်ရှုခံစား၍ ရပါသည် ။ စာအုပ်ခေါင်းစဉ်( အမည်)ကို စဉ်းစားလေသောအခါ ယင်းစာစုများ ထဲမှ ခေါင်းစဉ်အချို့ ကို ပေါင်းစပ်ကာ အမည်ပေးဖြစ်သည် ။ စာအုပ်အမည်က "ဖေဖေ့ကုလားထိုင်၊ မေမေ့ လက်များ နှင့် ပျော်ရွှင်သော မိသားစုဘဝ" ဖြစ်သည် ။ သည် စာစုတွင် မိသားစု မေတ္တာဖွဲ့ ရသစာစု များ ဟု ကျွန်တော်တင်စားချင်သည် ။

သုတစာပေ အားကောင်းမောင်းသန် ဖြစ်နေသောအခါတွင် ရသစာပေကို ထုတ်ဝေရဲသော ပန်းဆက်လမ်းစာအုပ်တိုက်ကို ကျွန်တော်လေးစားသလို ကျေးဇူးလည်း တင်မိသည် ။

ကမ္ဘာကြီးလှည့်ပတ်သွားအောင် ချစ်ခြင်းမေတ္တာက ဖန်တီးသည် ။ လှပသောအရာသည် ထာဝရ ပျော်ရွှင်စရာပင်။ အလှတရား၏ ချစ်မြတ်နိုးဖွယ်ရာသည် အစဉ်တိုးတက်လို့ နေသည် ။ အလှ တရားသည် ဘယ်

တော့မှ လွင့်ပါးမသွား။ သစ္စာတရား၏ ပန်းတစ်ပွင့်ဖြစ်သည် ။

Heart ဟူသော နှလုံးသား၊ အသည်းနှလုံးကို ကျွန်တော် လေးစားတန်ဖိုးထားသည် ။ အရာရာကို နှလုံးသားမေတ္တာဖြင့် ခံစားမျှဝေနိုင်လျှင် ကမ္ဘာကြီး ထာဝရ ငြိမ်းချမ်းနေလိမ့်မည်။

"ကောင်းမွန်တဲ့ နှလုံးသားဆိုတာ ရွှေလိုပါပဲ"

(ရှိတ်စပီးယား)

"အသည်းနှလုံးမှာ ဘာသာစကားမရှိဘူး၊ အသည်းနှလုံးက

အသည်းနှလုံးကိုပဲ စကားပြောတတ်တယ်"

(မဟတ္တမဂန္ဒီ)

ကမ္ဘာကျော်ပုဂ္ဂိုလ်တို့ ၏ နှလုံးသားမေတ္တာဖွဲ့ အတွေးအခေါ်များကို ခံစားကြည့်ရင်းဖြင့် ကျွန်တော် ဘာသာပြန်ဖွဲ့တည်ဖြစ်လေသော နှလုံးသားရသစာစု (၂၄) ပုဒ်ကို ခံဏားနားလည်နိုင် ပါစေ။

***

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

၁၅၁/ဗားဂရာလမ်း၊ စမ်းချောင်း

ရန်ကုန်မြို့။

ဖုန်း-၅၁၅၃၁၈၊ ၀၉ ၅၀၈၇၄၇၉

***

# မေမေရဲ့ အပြာရောင် ပန်းကန်လုံးလေး

## My Mother’s Blue Bowl by Alic Wather

ကျွန်မအိမ်သို့လာသော ဧည့်သည် များ သည် ကြီးမားသော အပြာရောင် ကြွေပန်းကန်လုံးကြီး ဖြင့် စွပ်ပြုတ်၊ အာလူး၊ ထမင်း စသည် တို့ဖြင့် ဧည့်ခံကျွေးမွေးခံရလေ့ ရှိပါသည် ။ အဲသည် ပန်းကန် လုံး၏ အနားသားမှာ သိသာစွာ ပဲ့လို့ နေပါသည် ။ သည် ပန်းကန်လုံးသည် ကျွန်မပိုင်ဆိုင်သမျှ အဖိုး တန်ဆုံး အရာပင်ဖြစ်သည် ။ ကျွန်မမေမေ နောက်ဆုံးကျန်းမာရေးကောင်းခဲ့စဉ်ကာလက ကျွန်မကို အဲသည် ပန်းကန်လုံး ပေးခဲ့သည် ။ ပြင်းထန်စွာ လေသင်တုန်းဖြတ်ပြီး မေမေ စကားပင် မပြောနိုင် တော့သည့်နေ့ မရောက်ခင် ရက်အတွင်းက ပေးအပ်ခဲ့သည် ။

ကျွန်မ၏ မေမေသည် သူမ၏ ဘဝကာလ အချိန်အများ စု တစ်လျှောက်တွင် တင့်တောင့် တင့်တယ် အိမ်တစ်လုံးကို ပြင်းပြင်းထန်ထန် တောင့်တခဲ့သည် ။ ရဲတင်းဖြင့် သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းပြုရန် မလိုအပ်သော ခြံဝင်းတစ်ခုနှင့် အိမ်ကိုလိုချင်ခဲ့သည် ။ မိုးမယိုသော အိမ်ခေါင်မိုးရှိသည့် အိမ်တစ်လုံးကို လိုချင်ခဲ့သည် ။ ကျွံမကျနိုင်သော ကြမ်းရှိသည့်အိမ်ကို လိုချင်ခဲ့သည် ။ သစ်သားနှင့် တည်ဆောက်ထားသည် ဖြစ်စေ၊ လှပသော အိမ်တစ်လုံးကို လိုချင်ခဲ့သည် ။ သို့မဟုတ် မေမေ၏ မြားမြောင်လှသော ညီမ၊ အစ်မများ နှင့် သူတို့ လင်သားတို့ ၏ အိမ်နှင့် တူသော အုတ်နီခဲဖြင့် တည်အိမ်ကို စွန့်လွှတ်၍ စီမံကိန်းအိမ်ရာသို့ ပြော

င်းရွှေ့ခဲ့ရသည် ။ လေကောင်းလေသန့်မရသော ကျဉ်းမြောင်းသေးငယ်သော တိုက်ခန်းသို့ ပြောင်းရွှေ့ခဲ့ရာ ထိုတိုက်ခန်းတွင် နေရသည် ကို ကျွန်မ ဘယ်တော့မှ ဘဝင်မကျခဲ့သော်လည်း မေမေကမူ ထိုတိုက်ခန်းနှင့် အံဝင်ခွင်ကျရှိလှသည် ဟု ဆိုသည် ။ တိုက်ခန်းတစ်ဖက်တွင် ကျယ်ဝန်းသော မြက်ခင်းပြင်ရှိသည် ။ နောက်ဖေးတံခါးပေါက်မှ ထွက်လျှင် တောအုပ်လေးသို့ ရောက်သလို လမ်းအဆုံးတွင် တည်ရှိသောကြောင့် သူမ အထိုက် အလျောက် သီးသီးသန့်သန့် နေရသည် ကို သဘောကျခြင်းအား ကျွန်မအနေဖြင့် ဖြေသိမ့်စရာအဖြစ် အမြင်ခဲ့သည် ။

မေမေသည် ထိုစီမံကိန်းအိမ်ရာသို့ ပြောင်းရွှေ့ခဲ့သည် ။ တောင်ပိုင်းသား ဆင်းရဲသားလူမည်း တို့ နေဖူးသမျှ အကောင်းဆုံး အိုးအိမ်ဟု မေမေ တစ်ခါတစ်ရံ ဆိုလေ့ရှိသည် ။ ကျွန်မ၏ ဖေဖေသည် ပင် ကျဉ်းကျပ်လှပြီး ညံ့ဖျင်းလှသော အုတ်တို့ ဖြင့် ဆောက်ထားသော အခန်းတွင် နေသားကျအောင် ကြိုးစားနေထိုင်ခဲ့ရသည် ။

ထိုစီမံကိန်းအိမ်သို့ ပြောင်းရွှေ့ခြင်းမှာ မေမေသည် သူမ၏ ဝန်ထုပ်များ ပေါ့သွားအောင် လျှော့နေခြင်းဖြစ်ကြောင်း၊ သူမ၏ လောကီစည်းစိမ်တို့ ကို အရေးမပါသည့်အဆင့်သို့ လျှော့ချမှုသို့ ဦးတည်နေကြောင်း သူမကိုယ်တိုင် ဝိညာဉ်အဖြစ်သို့ မပြောင်းလဲခင် သူမဥစ္စာတို့ လျှော့နည်းစေခဲ့ သည် ကို ကျွန်မ ယခုမှ နားလည်မိတော့သည် ။

တကယ်တမ်းပြောရလျှင် မေမေ့မှာ ဘာဘာညာညာ မရှိခဲ့ချေ။ အလှပြင်စားပွဲတစ်လုံး ကုလားထိုင်တစ်လုံး၊ ညှိခန်းသုံးပရိဘောဂတစ်စုံ၊ မီးဖိုဆောင်သုံး ပရိဘောဂတစ်စုံ၊ ခုတင် တစ်လုံး၊ (လွန်ခဲ့သော နှစ်ပေါင်းများ စွာက ကျွန်မ ဆယ်ကျော်သက်အရွယ်တွင် မေမေ့ထက် ချမ်းသာ

သော သူမ၏ အစ်မတစ်ဦးက လက်ဆောင်ပေးထားခဲ့သော) ဗီရိုတစ်လုံး ရှိခဲ့သည် ။ နောက်ပြီး သူမ ၏ ပန်းများ နေရာတကာမှာ ရှိခဲ့သည် ။ အိမ်အတွင်း၊ အိမ်အပြင် ကြုံရာဆုံရာ လက်ဆွဲသေတ္တာ ဟောင်း စွန့်ပစ်သည့် ဖိနပ်ဟောင်း စသည် ဖြင့် လက်သင့်ရာတွင် သူမ၏ စိုက်ပျိုးရေး လက်စလက်န ဖြင့် စိုက်ပျိုးထားသော ပန်းပင်များ ပင်ဖြစ်သည် ။ သူမသည် အရာရာကို အပန်းကြီးစွာ တစ်ကျော့ပြန် သုံးတတ်သည် ။ သို့ဖြင့် မေမေသည် တဖြည်းဖြည်းနှင့် ပစ္စည်းအနည်းအပါးမျှသာ ရှိခဲ့တော့သည် ။ အများ စုမှာ သူ့သားသမီးတို့ က သူ့ကို ပေးခဲ့သော ပစ္စည်းများ ၊ ညဝတ်ဂါဝန်များ ၊ မိုက်ခရိုဝေ့ဗ် မီးဖိုတစ်လုံး စသည် ဖြင့် အသုံးပြုရန် သို့မဟုတ် အသစ်အဟောင်း ပြန်လဲရန်ဖြစ်သည် ။

မေမေထံ အလည်အပတ်ရောက်တိုင်း ကျွန်မသည် မေမေ၏ လိုအင်ဆန္ဒနည်းပါးမှုကို တအံ့တသြ ဖြစ်မိသည် ။ မေမေသည် ပက်စီကိုလာ တစ်ဘူးလောက် သောက်ချင်တာ၊ ကြက်သား ကြော် သို့မဟုတ် ငါးကြော် တစ်ကောင်လောက် စားချင်တာထက်ပိုပြီး လောဘရှိပုံ မရခဲ့ချေ။ ကျွန်မ မေမေ့အိမ်သို့ အလည်အပတ် တစ်ခါရောက်တိုင်း ကျွန်မ မှတ်မိသော မေမေပိုင် ပစ္စည်းအချို့ လျော့နည်းနေသည် ကို သတိပြုမိပါသည် ။

တစ်နေ့တွင် ယင်းကိစ္စနှင့်ပတ်သက်ပြီး ကျွန်မပြောခဲ့သည် ။ သည်အခါ မေမေသည် သက်ပြင်းကြီး ရှိုက်လိုက်သည် ။ သည့်နောက် မေမေ့မျက်နှာထားက ကျွန်မ အသည်းနှလုံးကို ထိန်လင်းသွားစေသည့် အပြုံးမျိုးဖြင့် ပြောလိုက်သည် ။

"ဟုတ်တယ်၊ အားလုံးပေးပစ်လိုက်ပြီ၊ မေမေ ဒါတွေကို မလိုတော့ဘူးလေ၊ သမီး လိုချင်တာ ရှိရင် ယူသွား၊ သမီးနောက်တစ်ခါ ပြန်လာရင်

ရှိချင်မှ ရှိမှာ "

သို့သော် ကျွန်မအနေဖြင့် လိုချင်တာမရှိခဲ့ချေ။

သည် လိုနှင့် တစ်နေ့တွင် ကျွန်မသည် ပိုနေသော ရေခဲလက်ဖက်ရည်ကို ထည့်ရန် ခရားတစ်ခု ကို လိုက်ရှာမိသည် ။ ကျွန်မသည် ပစ္စည်းများကျပ်သိပ်၊ လေပိတ်နေသည့် မီးဖိုဆောင်ပစ္စည်းသိုလှောင်ခန်းအတွင်းသို့ ရောက်သွားသည် ။ သည် အခန်းတွင် ခေတ်တုံး ပုံစံတုံးနေသော ပစ္စည်းများ ၊ မျက်နှာငယ် နှစ်ချို့နေသော ပစ္စည်းများ တွေ့ရသည် ။ အဝတ်တိုက်သံပြား၊ ရေခဲမုန့်ထည့်သည့်အိုး၊ ထောပတ်တုံးဖိစက်၊ နောက် ပန်းကန်လုံးကြီးနှစ်လုံး၊

ပန်းကန်လုံးတစ်လုံးမှာ မိတ်ကပ်ရောင်ဖြစ်သည် ။ နှင်းဆီပွင့်ပါပြီး အပြာရောင်စင်းတစ်ခု ပါခဲ့သည် ။

နောက်တစ်လုံးမှာ အပြာရောင် ရင့်ရင့်ပင်ဖြစ်သည် ။

"မေမေ၊ သမီးကို ဒီပန်းကန်လုံးပေးပါလား"

ကျွန်မက အပြာရောင် ပန်းကန်လုံးကို သဘောကျစွာကြည့်ရင်း မေမေ့ကို ပြောလိုက်သည် ။

"နှစ်လုံးစလုံးကို ယူသွား"

မေမေက ပန်းကန်လုံးများကို အမှတ်တမဲ့သာ တစ်ချက်ကြည့်ရင်း ပြောလိုက်သည် ။ ပြီးတော့ သူမ အလုပ်ကို ဆက်လုပ်လို့ နေသည် ။

ကျွန်မကို ဤလက်ဆောင်များ ပေးခြင်းဖြင့် မေမေသည် သူမ၏ ထုံးစံအတိုင်း အမှတ်တမဲ့ ဟန်ဖြင့် ပညာတစ်ခုသင်ပေးခဲ့သည် ။ ယင်းသည်ကား ပိုင်ဆိုင်မှုများကို အလေးမထားဘဲ နောင်တ ကင်းမဲ့စွာ အလွယ်တကူပေးပစ်ခြင်းပင်ဖြစ်သည် ။ ကျွန်မဘဝတွင် သူမကိုယ်တိုင်ရပ်တည်

နေသည့် အသွင်ကို ဖော်ကျူးပြချက်ပင် ဖြစ်သည် ။

အပြာရောင်ပန်းကန်လုံးသည် ပြန်ပြောင်းအမှတ်ရစရာ သောင်းပြောင်းထွေလာပြည့်နေသော ပန်းကန်လုံးဖြစ်သည် ။ ဆောင်းတွင်းကာလ အေးစက်သော နေ့များ တွင် ကျွန်မ၏ အစ်ကိုများ အစ်မများက ကျောင်းမှ အပြန် လမ်းမကြီးမှ နေ၍ ရှည်လျားထွေပြားစွာ တပင်တပန်း ကျွန်မတို့ ၏ စုတ်ချာ နေသော အိမ်ဆီသို့ လမ်းလျှောက် ပြန်ခဲ့ရသည် ကို အမှတ်ရစေသည် ။

နှင်းမိုးထဲ၊ လေထဲတိုး၍ တွဲရရွဲကျနေသော တံခါးဆီသို့ ကျွန်မတို့ ရောက်သောအခါ ကျွန်မတို့ အိမ်မှာ ကျွန်မတို့ ကျောင်းကားမှ နေ၍ လှမ်းမမြင်သာအောင် လမ်းမှ ကွာဝေးနေသည် ကိုပင် ကျွန်မ ကျေးဇူးတင်မိသည် ။ ကျွန်မတို့ အိမ်နှင့်ပတ်သက်၍ ကျွန်မ အမြဲတစေပင် မျက်နှာပူစိတ်ညစ်ခဲ့ရ သည် ။

သို့သော် အိမ်ရှေ့ရောက်၍ တံခါးဖွင့်လိုက်ပြီးနောက် အတွင်းတွင် မေမေ၏ ဆောင်းတွင်းပန်း များ ၊ မီးလင်းဖိုနေရာတွင် တောက်ဖြာနေသောမီး၊ ကျွန်မတို့ ခုတင်အားလုံးပေါ်တွင် ရောင်စုံလက် လုပ် ဂွမ်းကပ်များ ၊ ပန်းများ ၊ သစ်သီးဝလံများ ၊ ပန်းချီပုံများ . . .ထိုအရာအားလုံး၏ အလယ်တွင် မူ အပြာရောင် ပန်းကန်လုံးသည် လောကကြီးတွင် အရသာအရှိဆုံး အစားအစာတို့ ဖြင့် ပြည့်နေပေ သည် ။

ထိုမှာ ပင် ကျွန်မ မေမေရှိပေသည် ။ မေမေ့အပြုံးကား ဝင်းပလျက်၊ သူမသွားများ တောက်ပ လျက်၊ သူမ မျက်လုံးများ လဲ့ဖြာလျက်၊ သူမ နန်းတော်တစ်ခုတွင် နေထိုင်ပြီး သူမ၏ အချစ်ဆုံး မင်းသားလေးများ နှင့်၊ မင်းသမီးလေးများက သူ့ထံ အလည်အပတ် လာသကဲ့သို့။

အပြာရောင်ပန်းကန်လုံးသည် အမြဲတစေပင် အကြွင်းမဲ့ပြည့်နေဟန်

ဖြည့်ဆည်းပေးခဲ့သည် ။ ကျွန်မတို့ မည်မျှပင် ချို့တဲ့ နေသည် ပင်ဖြစ်စေ ယင်း၌ အောက်ခြေမရှိသည် ကဲ့သို့ အစဉ်ပြည့်ဝနေခဲ့ သည် ။ သည် ပန်းကန်လုံးမှ နေ၍ မေမေသည် စွပ်ပြုတ်များ ခပ်ခဲ့သည် ။ လီမာ ပဲတောင့်များ ခူးခပ်ခဲ့ သည် ။ အာလူးများ ခပ်ခဲ့သည် ။ ထမင်း၊ ပဲ၊ ပြောင်းတို့ ခူးခပ်ခဲ့သည် ။ သည့်နောက် မေမေတည်းဟူ သော အလင်းရောင် အနွေးဓာတ်အောက်တွင် ကျွန်မတို့ ညနေစာ စားခဲ့ကြသည် ။

***